# စွမ်းဆောင်ရည်ပြည့်ဝမျှတသည့် လုပ်သားဈေးကွက်ဖြစ်ပေါ်လာရန် ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာသုတေသနလုပ်ငန်းကို သုံးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်မည်



Summit Park View Hotel ၌ သုတေသနအကြောင်း ရှင်းလင်းမိတ်ဆက်ပွဲအခမ်းအနားကျင်းပစဉ်။ ဓာတ်ပုံ-နေဦးလင်း

**ရန်ကုန်၊ မတ် ၂၈**-မြန်မာနိုင်ငံတွင် စွမ်းဆောင်ရည်ပြည့်ဝပြီး မျှတသည့် လုပ်သားဈေးကွက် ဖြစ်ပေါ်လာစေရန်အတွက် လုပ်သားဈေးကွက် ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ ပထမဆုံးအကြိမ် သုတေသနလုပ်ငန်းကို သုံးနှစ် စီမံကိန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုသုတေသနဌာန (IDRC) ၏ ငွေကြေးထောက်ပံ့မှုဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနနှင့် မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MDRI-CESD) က တာဝန်ရှိသူများ အတူတကွ ပူးပေါင်းကာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းကာလမှာ ယခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ သုံးနှစ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

"ဒီလိုသုတေသန ပြုလုပ်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ စွမ်းဆောင်ရည်ပြည့်ဝပြီး မျှတတဲ့လုပ်သားဈေးကွက်ဖြစ်ပေါ်လာစေဖို့ မူဝါဒ ချမှတ်နေသူတွေနဲ့ သက်ဆိုင်ရာလုပ်သားဈေးကွက်မှာပါဝင်လုပ်ဆောင်နေသူတွေကို သုတေသနမှတွေ့ရှိချက်တွေကို အကြံပြုတင်ပြပေးသွားဖို့ ဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း (MDRI CESD)မှ စီမံချက် တာဝန်ခံအရာရှိဦးအောင်ဖြိုးကျော်ကပြောသည်။

ထိုသို့ သုတေသနပြုလေ့လာရာတွင် ထွက်ကုန်တိုးမြှင့်နိုင်မှု၊ လူမှုဖူလုံရေးနှင့် လုပ်ခလစာသတ်မှတ်ချက်များကို အဓိကသုတေသနပြုလေ့လာသွားမည်ဖြစ်ကာ မြန်မာနိုင်ငံမှ သုတေသီများ၏ စွမ်းဆောင်ရည်ကို ဖြည့်တင်းပေးနိုင်ရန်နှင့် နိုင်ငံတကာ အတွေ့အကြုံများရရှိနိုင်ရန်အတွက် ရည်ရွယ်၍ အဆိုပါစီမံချက်မှ သင်တန်းများတက်ရောက်စေခြင်းနှင့် နိုင်ငံတကာမှ သုတေသီပညာရှင်များနှင့်အတူ ပူးပေါင်း၍ သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဝန်ကြီးဌာနနဲ့အတူ ပူးပေါင်းဆောင်ရွက်မယ်ဆိုတာ ကောင်းပါတယ်။ ဝန်ကြီးဌာနက လက်ရှိလုပ်ဆောင်နေတဲ့ အလုပ်သမားနဲ့ ပတ်သက်တဲ့ သုတေသနလုပ်ငန်းတချို့လဲရှိပါတယ်။ အခုပြောတဲ့ လုပ်သားဈေးကွက် သုတေသနတော့ မရှိသေးပါဘူး။ အောက်တိုဘာမှာ ထုတ်ပြန်မယ့် လုပ်သားအင်အားသုတေသနမှာဆိုရင် အလုပ်ရှင်တွေက အလုပ်သမားတွေကို ခေါ်ယူဖို့အလုပ်မရှိသေးတဲ့သူတွေရဲ့ အချက်အလက်တွေကိုပါ တစ်ပါတည်း တွေ့နိုင်မှာဖြစ်ပါတယ်"ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာအေးကပြောသည်။

လုပ်သားဈေးကွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ သုတေသနစီမံချက်တွင် အဓိကအစိတ်အပိုင်းသုံးပိုင်းပါဝင်မည်ဖြစ်ပြီး ၎င်းတို့မှာ လုပ်သားအခြေပြု လုပ်ငန်းများဖြစ်ပြီး တိုးတက်မှု မြန်ဆန်သည့် လုပ်ငန်းဖြစ်သည့် အထည်ချုပ်လုပ်ငန်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးစားသောက်ကုန် ထုတ်လုပ်ငန်း(ငါး)လုပ်ငန်းများတွင် အလုပ်ရှင်နှင့် အလုပ်သမားများကို စစ်တမ်းကောက်ယူလေ့လာခြင်း၊ လက်ရှိအလုပ်သမားဥပဒေများဖြစ်သည့် အနည်းဆုံးအခကြေးငွေ ဥပဒေ ၂၀၁၃၊ လူမှုဖူလုံရေးဥပဒေ ၂၀၁၂ နှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ၂၀၁၃ တို့ကို ပြန်လည်သုံးသပ်လေ့လာခြင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန (MOLES)နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO)တို့မှ တာဝန်ယူလုပ်ဆောင်နေသော လုပ်သားအင်အား စစ်တမ်းမှ လုပ်သားဈေးကွက်စာရင်းအင်းများကို လေ့လာခြင်းတို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စွမ်းဆောင်ရည်မြှင့်တင်ခြင်း အစီအစဉ်အဖြစ်အစိုးရအဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများစသည့် လုပ်သားဈေးကွက်တွင် ပါဝင်ပတ်သက်သော သူများကို လုပ်သားဈေးကွက်မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးမှုရလဒ်များကိုဖြန့်ဝေခြင်း၊ သင်တန်းများပေးခြင်း လုပ်ငန်းများကိုလည်း ဖြည့်တင်းလုပ်ဆောင်မည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ သုတေသနလုပ်ငန်းအကြောင်း မိတ်ဆက်ရှင်းလင်းရှင်းအခမ်းအနားကို မတ်လ ၂၈ ရက် စနေနေ့တွင် Summit Park View Hotel တွင် ကျင်းပပြုလုပ်ခဲ့ပြီး အခမ်းအနားကိုသက်ဆိုင်ရာအစိုးရတာဝန်ရှိသူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှအဖွဲ့အစည်းများ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ သုတေသနအဖွဲ့အစည်းများနှင့် ကနေဒါသံရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်းသိရသည်။ NOL